ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ - ၂၀၁၈)

## Village Development Plan (VDP)

## ဝမ်ချယ် ကျေးရွာ၊ ဘောလခဲ ကျေးရွာအုပ်စု၊ ဘောလခဲ မြို့နယ်

## မာတိကာ


၁။ဘောလခဲ မြို့နယ်မြေပုံ

၂။ ဝမ်ချယ်ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဘောလခဲ မြို့နယ်မြေပုံ



## ၂။ ဝမ်ချယ်ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁ | မိုင်းထမ်းကျေးရွာ | ၁၀၇ | ၂၃၇ | ၂၁၄ | ၄၅၁ |
| ၂ | ရေနီပေါက်ကျေးရွာ | ၇၆ | ၁၈၂ | ၁၇၅ | ၃၅၇ |
| ၃ | ဝမ်ချယ်ကျေးရွာ | ၇၇ | ၁၉၈ | ၁၉၂ | ၃၉၀ |
| | **စုစုပေါင်း** | **၂၆၀** | **၈၇၈** | **၅၈၁** | **၁၁၉၈** |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ဝမ်ချယ်ကျေးရွာသူ၊ ရွာသားများသည် ယခင်က နန့်နောက်ကျေးရွာတွင် နေထိုင်ခဲ့ကြသည်။ ၁၉၅၆ ခုနှစ်တွင် တရုတ်လူမျိုးတစ်ဦးဖြစ်သော ဦးအချယ်ဆိုသူမှ ကျေးရွာကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ စတင်တည်ထောင်သူ ဦးအချယ်အမည်ကိုအစွဲပြုကာ ကျေးရွာအမည်ကိုလည်း ဝမ်ချယ်ဟု ရှမ်းလူမျိုးများမှ ခေါ်တွင်ခဲ့ကြသည်။ ဝမ် - ဆိုသည်မှာ ရှမ်းဘာသာစကားဖြင့် ရွာဟုအဓိပ္ပါယ်ရပြီး ချယ်-မှာမူ ဦးအချယ်အမည်မှ ချယ်ကိုယူကာ ဝမ်ချယ်အဖြစ် မှည့်ခေါ်ထားခြင်းဖြစ်သည်။ ၁၉၆၄-၁၉၅၇ ခုနှစ် ဝမ်ချယ်ကျေးရွာကို စတင်တည်ထောင်ခဲ့ချိန်တွင် အိမ်ခြေ(၅)အိမ်သာရှိသည်။ နမ့်ဟူးကျေးရွာ နှင့် နန့်နောက်ကျေးရွာမှ ပြောင်းရွှေ့နေထိုင်ခြင်းမှ ဝမ်ချယ်ကျေးရွာဟူ၍ ဖြစ်ပေါ်လာသည်။ နန့်နောက်ကျေးရွာမှ ပြောင်းရွှေ့လာရခြင်းမှာ လက်ရှိနေရာတွင် စိုက်ပျိုးရန်အတွက် မြေပြန့်ပြူးမှုရှိခြင်း၊ မြေဆီမြေသြဇာ ကောင်းမွန်ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် ကျေးရွာတည်ထောင်စ အိမ်ခြေ (၅)အိမ်မှ နောက်ပိုင်း (၁၀)အိမ်အထိတိုးလာခဲ့ပြီး ၁၉၆၀-၆၂ ခုနှစ်ဝန်းကျင်တွင် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း ကောင်းမွန်သဖြင့် အိမ်ခြေတဖြေးဖြေး တိုးလာသည်။ ၁၉၆၄ ခုနှစ်တွင် ဦးဆဲရယ် နှင့် ဦးဘအေးတို့ နှစ်ဦးမှ ဦးဆောင်ဦးရွက်ပြုကာ ဝမ်ချယ်ကျေးရွာ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းတစ်ဆောင် စတင်တည်ဆောက်ခဲ့သည်။ ယင်းအချိန်တွင် ကျောင်းသားဦးရေ (၁၅) ဦးရှိခဲ့သည်။ ၁၉၆၄ ခုနှစ်မှစ၍ ကယားရိုးရာ ဒီးကူပွဲ(ခေါ်)ကောက်ညှင်းထုတ်ပွဲအဖြစ် နှစ်စဉ် ကျင်းပခဲ့ကြသည်။ ၁၉၇၀ ခုနှစ်တွင် မူလတန်းကျောင်းအား ပညာရေးဌနမှ အသိအမှတ်ပြုခဲ့ကာ အစိုးရ မှဆောက်လုပ်ပေးခဲ့သည်။

၁၉၇၈ ခုနှစ်တွင် တစ်ကြိမ် ၊ ၁၉၈၀ ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်း(၂)ကြိမ်တိုင်တိုင် ဝမ်ချယ်ကျေးရွာ သည် စစ်ဘေးသင့်ခဲ့ကြရသည်။ ၁၉၈၁ ခုနှစ်တွင် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကျေးရွာအတွက် သောက်သုံးရေကန်တစ်ကန် ဆောက်လုပ်ပေးခဲ့ပါသည်။ ၁၆.၆.၁၉၉၆ခုနှစ်တွင် စစ်အစိုးရမှ သောင်းကျန်းသူများ လျှော့ချရေးအတွက်ချမှတ်သော ဖြတ်လေးဖြတ်ကြောင့် နယ်မြေမအေးချမ်းသဖြင့် အစိုးရမှ ဝမ်ချယ်ကျေးရွာ အား အခြားရွာများနည်းတူ ဘောလခဲမြို့သို့ပြောင်းရွှေ့စေခဲ့သည်။ ကျေးရွာသူ/ရွာသားများသည် ဆင်းရဲ ဒုက္ခအမျိုးမျိုးကို ကြုံခဲ့ရပြီးနောက် ၂၀၀၀ခုနှစ်တွင် နယ်မြေအေးချမ်းမှုရှိလာသဖြင့် မိမိကျေးရွာသို့ အသီးသီးပြန်ခဲ့ကြသည်။

၂၀၀၃-၂၀၀၄ ခုနှစ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခဲ့ကြပါသည်။၂၀၀၅ ခုနှစ်တွင် ကရုဏာအဖွဲ့မှ ရေကန်တစ်ကန် ဆောက်လုပ် လှူဒါန်းခဲ့ကြသည့်အပြင် အစိုးရမှ ကျေးလက် ကျန်းမာရေး ခန်းမတစ်ဆောင်ကို ဆောက်လုပ်ခဲ့သည်။ ၂၀၀၉ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရမှ စာသင်ကျောင်းတစ်ဆောင် ဆောက်လုပ်ပေးခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် ပုလဲနဒီ ကုမ္ပဏီမှ ရေကန်တစ်ကန် ဆောက်လုပ်ပေးခဲ့သည်။ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အထိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ နှင့်လွှတ်တော်ရန်ပုံငွေ၊ ပြည်နယ်အစိုးရ၊သက်ဆိုင်ရာဌာန၊ လူမှုရေးအဖွဲ့ အစည်းများမှ ကျေးရွာဖွံ့ဖြိုးတက်ရေး အတွက် ရေတွင်း၊ ရေကန်၊ စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာ၊ မီးလင်းရေး၊ ကျောက်ချောလမ်း၊ ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့်တံတားစသည်ဖြင့် အသီးသီးဆောင်ရွက်ပေးခဲ့ကြသည်။

၂၀၁၆ ခုနှစ်တွင် IRC အဖွဲ့မှ စာသင်ကျောင်းအတွင်း ယင်လုံအိမ်သာ(၂)လုံးကို ဆောက်လုပ်ပေးခဲ့သည်။ ကျေးရွာမှလည်း ကိုယ်ထူကိုယ်ထမူလတန်းကျောင်းဆောင်ကို ဆောက်လုပ် ခဲ့ကြသည်။MSDA အဖွဲ့မှလည်း ကျေးရွာခန်းမဆောင် ကိုဆောက်လုပ်လှူဒန်းခဲ့ကြသည်။ ယခုလက်ရှိ တွင်မူ အိမ်ခြေ (၇၆) အိမ်၊အိမ်ထောင်စု(၇၇)အိမ် ၊ လူဦးရေ ကျား- ၂၀၀ ဦး နှင့်မ-၁၉၁ ဦး စုစုပေါင်း( ၃၉၁) ဦး ဖြင့် နေထိုင်လျက်ရှိပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်းအမြစ်ပြမြေပုံ | ၉.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၉ | ၁၀ | ၃၉ | ကျေးရွာအတွင်းရှိ အိမ်ခြေများ၊ လက်ရှိ သဘာဝအရင်းအမြစ်များအား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေးအန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း | ၉.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၉ | ၁၀ | ၃၉ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်းအပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၉.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၉ | ၁၀ | ၃၉ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝအရင်းအမြစ်များအပေါ် အမျိုးသမီးများနှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၉.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၉ | ၁၀ | ၃၉ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၉.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၉ | ၁၀ | ၃၉ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ်ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဗင်းပုံစံ | ၉.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၉ | ၁၀ | ၃၉ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**(က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ**




ဝမ်ချယ်ကျေးရွာသည် ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၏ တောင်ဘက် (၁၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ဝမ်ချယ်ကျေးရွာတွင် အိမ်ခြေ(၇၆)အိမ်ရှိပြီး အိမ်ထောင်စုမှာ(၇၇)ရှိကာ၊ စုစုပေါင်း လူဦးရေမှာ(၃၉၁)ဦးခန့် နေထိုင်ပါသည်။ ကျေးရွာ၏အနောက်မြောက်ဘက်တွင် ဝမ်ချယ်မှ ရေနီပေါက်သို့ သွားရာကျောက်ချောလမ်းရှိပြီး မြောက်ဘက်တွင်မူ မိုင်းထမ်းကျေးရွာသို့ သွားရာကျောက်ချောလမ်းရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တောင်တန်းများရှိပြီး တောင်ယာခင်းများလည်းရှိသည်။ ၄င်းကျေးရွာရှိ အိမ်ထောင်စုအများစုသည် တောင်ယာလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင်ကြသည်။ အလုပ်ပါးချိန်များတွင် အမဲလိုက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ အိမ်တွင်းတစ်နိုင်တပိုင် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ပါသည်။

ကျေးရွာတွင် ကယားလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို အထွတ်အမြတ်ထားကိုးကွယ်ကြသည်။ ကယားရိုးရာကေ့ထိုးဘိုးနတ်ကိုးကွယ် ခြင်းများလည်းရှိသည်။ တောင်ယာအားလပ်ချိန်တွင် လက်သမား၊ ပန်းရံအလုပ်ကို လုပ်ကိုင်ပါကြပါသည်။ သုံးစွဲသောရေအရင်းအမြစ်မှာ ရေထွက်ပေါက်မှဖြစ်သည်။ ကျေးရွာအရှေ့ဘက်တွင်မူ ကျောက်ထုတ်ယူသုံးစွဲနေသော ကျောက်တောင်ရှိသော်လည်း ကျောက်အနည်းငယ် သာရှိသည်။ ကျေးရွာအတွင်းသီးခြားနေထိုင်သောအုပ်စုများ၊ ဘာသာရေးဆိုင်ရာအုပ်စုများ ဟူ၍ခွဲခြားခြင်းမရှိဘဲ တစ်စုတစည်းတည်းသာ နေထိုင်ကြပါသည်။ ကျေးရွာတွင်းရှိ အခြေခံအဆောက်အဦးများမှာ ဘုန်းကြီးကျောင်း၊

ကျေးလက်ဆေးပေးခန်း၊ လူငယ်ရိပ်သာ၊ ကျေးရွာခန်းမဆောင်၊ စာသင်ကျောင်း၊ ကျေးရွာစာကြည့်တိုက်၊ မျိုးစေ့ဘဏ်တို့ဖြစ်သည်။ သောက်ရေသုံးရေကို တောင်ပေါ် ရေထွက်ပေါက်နှင့်ရွာအနီးရှိ ရေစိမ့်ထွက်ကန်တို့မှ အဓိက သွယ်တန်းသုံးစွဲကြပါသည်။ ကျေးရွာအနောက်ဘက်တွင်ပွန်ချောင်း စီးဆင်းလျက်ရှိပါသည်။

## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုဇယား


ဝမ်ချယ်ကျေးရွာ ၄.၁၁.၁၇


| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | % |
|---|---|---|---|
| အဆင်ပြေ | (၂)ထပ်အိမ် (ပျဉ်ထောင်)၊ ထွန်စက်၊ ထော်လာဂျီ ယာမြေ (၂၀)ကျော်၊ ဈေးဆိုင်၊ ဆိုင်ကယ် | ၁၀ | ၁၃% |
| အသင့်အတင့် | မြေယာ (၁၅)ကေ၊ ဆိုင်ကယ် (၂)စီး၊ နွား၊လှည်း ပျဉ်ထောင် | ၆၁ | ၇၉% |
| အဆင်မပြေ | သက်ကယ်အိမ်၊ မြေယာ (၃)ကေ၊ | ၆ | ၈% |
| | စုစုပေါင်း | ၇၇ | |

ဝမ်ချယ်ကျေးရွာတွင် ဥစ္စာဓန ကြွယ်ဝမှုအဆင့်သတ်မှတ်ရာတွင် ကျေးရွာတွင် အဆင်မပြေသော အိမ်ထောင်စု(၆)စုရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈% ခန့်ရှိပါသည်။ အဆင်မပြေရသည့်အကြောင်းအရင်းမှာ ရွာတွင်ယခင်က အရေးအခင်းများဖြစ်ပွားခြင်း၊ မိဘဘိုးဘွားများမှ နောင်လာနောက်သားများအား ပေးရန် အမွေအနှစ်မရှိခြင်းကြောင့် ဖြစ်သည်။ အချို့မှာ အမွေအနှစ်များရရှိသော်လည်း ဗဟုသုတ အသိပညာ မတတ်သောကြောင့် စီမံခန့်ခွဲမှုတွင်အားနည်းသဖြင့် မိမိတို့ရင်သွေး အနာဂါတ်ကို ထည့်သွင်းစဉ်းစား ကြခြင်းလည်းမရှိပါ။ ထိုကဲ့သို့အဆင်မပြေမှုများကို လျော့ချနိုင်စေရန် ကျေးရွာတွင်းရှိ အနာဂါတ် ကလေးငယ်များ၏ ပညာရေးစနစ်ကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ကျေးရွာတစ်ရွာလုံးမှလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် တက်ကြွ စည်းလုံးစွာပါဝင်မှသာလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်မည်ဖြစ်သည်။

အသင့်အတင့် ရှိသူများမှာ မြေယာ (၁၅)ကေ ၊ ဆိုင်ကယ် နှစ်စီးနှင့်အထက်၊ပျဉ်ထောင်အိမ် ၊ နွား ၊လှည်း များကိုသာပိုင်ဆိုင်ကြပါသည်ပြီး အိမ်ထောင်စုအနေဖြင့် (၆၁)အိမ်ထောင်စုနှင့် ရာခိုင်နှုန်းအားဖြင့် ၇၉%ခန့်ရှိပါသည်။အဆင်ပြေသော အိမ်ထောင်စုများတွင် ပျဉ်ထောင်(၂)ထပ်အိမ်၊ ထွန်စက်၊ ထော်လဂျီ၊ ယာပြေ ၊ကေ(၂၀)ကျော်၊ ဈေးဆိုင်၊ ဆိုင်ကယ်တို့အားပိုင်ဆိုင်ကြပြီး အိမ်ထောင်စုအနေဖြင့် ၁၀ စုနှင့် ရာခိုင်နှုန်းအားဖြင့်(၁၃%)ခန့်ရှိပါသည်။


## (ဂ)ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





ဝမ်ချယ်ကျေးရွာတွင် ကျား-မ ရေးရာကဏ္ဍ ပိုင်ဆိုင်မှုများကို သုံးသပ်ဆွေးနွေးရာတွင် ဘောလုံးကွင်း၊ တောင်ယာ၊ နီးဖြာခြင်း၊ ပြောင်းကောက်စိုက်ပျိုးနခြင်း၊ ဈေးဆိုင်၊ စာသင်ကျောင်း၊ ခန်းမဆောင်၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက်ဆေးပေးခန်းများအား အမျိုးသားနှင့်အမျိုးသမီး အတူတကွအသုံးပြုကြသည်။ အိမ်မှုကိစ္စနှင့် ဈေးဆိုင်ကိုမူ အမျိုးသမီး များသာသီးသန့် ထိန်းချုပ်ထားပါသည်။ ကျောက်တူးဖော်ရေး၊ သစ်ခုတ်၊ ဝါးခုတ်၊ နွားကျောင်း၊ လက်သမား၊ ပုတ်ရက်လုပ်ခြင်း၊ လယ်ထွန်စက်၊ နွားလှည်း စသည်တို့ကိုမူ အမျိုးသားများသာ သုံးစွဲကြပါသည်။ အမျိုးသား များသီးသန့် ထိန်းချုပ်သော အရင်းအမြစ်များမှာ ပန်းရံ၊ လမ်း၊ တောင်ကျရေ၊ တွင်းရေ၊ ကျောက်တူးဖော်ရေး၊ သစ်ခုတ်၊ ဝါးခုတ်၊ နွားကျောင်း၊ လက်သမား၊ ပုတ်ရက်ခြင်း၊ လယ်ထွန်စက်နှင့် နွားလှည်းတို့ဖြစ်သည်။ ဝမ်ချယ်ကျေးရွာတွင် အမျိုးသားအမျိုးသမီး ခွဲခြားဆက်ဆံမှုမရှိဘဲ လုပ်အားခမှာလည်း အမျိုးသား အမျိုးသမီးတန်းတူ ရပါသည်။ အမျိုးသမီးများမှာ အတတ်ပညာနည်းပါးခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်း တို့ကြောင့် အဖွဲ့အစည်းများတွင် ပါဝင်ဦးဆောင်မှု နည်းပါးပါသည်။ အမျိုးသမီး စွမ်းဆောင်ရည်မြင့်သင်တန်းများပို့ချပေးခြင်းအားဖြင့် အမျိုးသမီးများအနေဖြင့် မိမိကိုယ်ကိုယုံကြည်မှုတိုးလာပြီး ဦးဆောင်မှုစွမ်းရည် ရှိလာမည်ဖြစ်သည်။


### (ယ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



ဝမ်ချယ်ကျေးရွာတွင် ကျား-မ ရေးရာအခန်းကဏ္ဍ ပင့်ကူအိမ်ပုံစံ အမျိုးသားအမျိုးသမီး (၂)ဖွဲ့ခွဲဆွေးနွေး သုံးသပ်ကြရာတွင် အလုပ်အကိုင်အခွင့်အလမ်းပေါများမှုဝင်ငွေရရှိမှု၊ ဦးဆောင်မှု၊ အဖွဲ့အစည်းများတွင်ပါဝင်မှု၊ အိမ်မှုကိစ္စ၊ လုံခြုံမှု ၊ကျန်းမာရေးအသိပညာရှိမှုနှင့် ပညာရေးကဏ္ဍ ဟူ၍ဖော်ထုတ်ခဲ့သည်။ ကျန်းမာရေး အသိပညာတွင် မျိုးသမီးများ ပိုမိုနားလည်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအများစုသည် မိမိတို့၏ရင်သွေးငယ်များအား အနီးကပ်ကြည့်ရှုစောင့်ရှောက်နေရသောကြောင့်ဖြစ်သည်။ အဖွဲ့အစည်းများတွင် အမျိုးသမီးများနှင့် အမျိုးသားများတန်းတူပါဝင်ကြသော်လည်း အမျိုးသမိးများမှာ အသိပညာနည်းပါးခြင်းနှင့် မိမိကိုယ်ကိုယုံကြည်မှုနည်းပါးခြင်းတို့ကြောင့် ဦးဆောင်မှုပိုင်းတွင် အားနည်းနေသည်။

အလုပ်အကိုင်၊ လုံခြုံမှု တို့တွင် အမျိုးသမီးများအတွက် အခွင့်အရေးနည်းလှပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများကိုအမျိုးသားများက အိမ်မှုကိစ္စများတွင်ကူညီပေးခြင်း၊ ကလေးကူထိန်းပေးခြင်းတို့တွင် အားနည်းနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားများအနေဖြင့် အမျိုးသမီးများ၏ အလုပ်ကိစ္စများနှင့် ကလေးထိန်း ၊ ရေခပ်စသည်တို့တွင် ဝိုင်းဝန်းကူညီမည်ဆိုပါက အမျိုးသမီးအများစုတို့၏ စွမ်းဆောင်ရည်မှာပိုမို မြင့်တက်လာနိုင်ပါသည်။ အမျိုးသမီးများကို ဈေးဆိုင်ဖွင့်ရာတွင် အရင်းအနှီးများ မတည်ထောက်ပံ့ပေးခြင်း၊ အိမ်တွင်းမှုသင်တန်းများ ပို့ချပေးခြင်း၊ အလှအပဆိုင်ရာသင်တန်းများပို့ချ ပေးခြင်းနှင့်စိုက်ပျိုးရေး နည်းပညာ ဆိုင်ရာသင်တန်းများကို ပို့ချသင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ ကျေးရွာအတွင်းရှိ အမျိုးသမီးတို့၏ ဝင်ငွေရရှိမည့် အလုပ်အကိုင်များဖန်တီးပေးခြင်းဖြင့် အမျိုးသမီးများ၏ ဘဝအခြေအနေကို မြှင့်တင်ပေး နိုင်ပါသည်။


## (င) ရာသီခွင်ပြဇယား



ဝမ်ချယ်ကျေးရွာတွင် ရာသီခွင်ပြဇယားမှ ဆွေးနွေးချက်များအရ ကျေးရွာ၏အဓိက အသက်မွေး ဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ နမ်းကိုအဓိကစိုက်ပျိုးကြပြီး ဒုတိယသီးနှံအနေဖြင့် ပြောင်းကောက်ကို စိုက်ပျိုးကြပါသည်။ နမ်းကိုဇွန်လ၊ ဇူလိုင်လတွင်စတင်ပျိုးကျဲ စိုက်ပျိုးပြီး အချို့မှာ ဩဂုတ်လ ရောက်သောအခါမှသာစိုက်ပျိုးကြပါသည်။ စောစောပျိုးကျဲသူများမှာမူ နိုဝင်ဘာလတွင် ရိတ်သိမ်းကြပြီး ပျိုးကျဲနောက်ကျသူများမှာ နောက်ကျသည့်အလျောက် လအနည်းငယ်နောက်ကျ ရိတ်သိမ်းကြပါသည်။ ပြောင်းကောက်ကိုမူ နိုဝင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဖန်နဝါရီလတွင် ရိတ်သိမ်းကြပါသည်။ စက်တင်ဘာလတွင် ဒီးကူပွဲကျင်းပလေ့ရှိကြပြီး အောက်တိုဘာလတွင် မီးထွန်းပွဲကိုကျင်းပကြပါသည်။ ကထိန်ပွဲတော်ကို နိုဝင်ဘာလတွင် စည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်

မေလနှင့်ဇွန်လတို့တွင်ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်တတ်ပါသည်။ရေအရင်းအမြစ်မှာ တွင်းရေကိုသာ သုံးစွဲကြသည်။ ရေရရှိမှုမှာ နွေကာလများတွင် လျော့နည်းသော်လည်း လုံလောက်မှုရှိပါသည်။ စိုက်ပျိုးရာသီတွင် အခြားသောဒေသများမှလည်း အလုပ်သမားအနေဖြင့် ယာခင်းများတွင် လာရောက် လုပ်ကိုင်သူများသောကြောင့် ယင်းကာလတွင် ကျေးရွာရှိ ရေတွင်းမှ ရေအား လုံလောက်စွာ အသုံးပြုရန် အဆင်မပြေမှုများ နစ်စဉ်ကြုံတွေ့လေ့ရှိပါသည်။ ကောက်ပဲသီးနှံများ ရိတ်သိမ်းချိန် ဖြစ်သောစက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလတို့တွင် ဝင်ငွေများသောလများဖြစ်သည်။ မိုးရာသီတွင် ကျေးရွာချင်း ဆက်လမ်းများမှာ ကျောက်ချောလမ်းဖြစ်သော်လည်း မိုးတွင်းကာလများတွင် ရေတိုက်စားမှုကြောင့် ကျောက်များထွက်သဖြင့် သွားလာရခက်ခဲပါသည်။ ထို့ကြောင့် မိုးတွင်းအခါ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက နှောင့်နှေး ကျန့်ကြာခြင်းများဖြစ်နေသည်။

## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်






ဝမ်ချယ်ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြစိမ်းရောင်ကော်မတီ၊ သမဝါယမအဖွဲ့၊ ကယားဖူး၊ ကျေးရွာလူငယ်အဖွဲ့၊ ကျန်းမာရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ Pact Myanmar၊ ဓမ္မစကြာအဖွဲ့၊ မောဒူကမေးလာ၊ ဂေါပကအဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာ၊ KNWHC၊ အ(၃)လုံး စာသင်အဖွဲ့၊ Save the Children မြို့နယ်ကျေးလက်အဖွဲ့ နှင့် စာသင်ကျောင်းကော်မတီနှင့် CDDစီမံကိန်းတို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဆောင်ရွက်နေကြသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍနှင့်ရပ်ရွာကိစ္စအဝဝကို အုပ်ချုပ်ရေးအဖွဲ့မှဆောင်ရွက်ပေးပြီး ကျေးရွာသာရေး၊ နာရေးလုပ်ငန်းများကိုမူ ကျေးရွာလူငယ်အဖွဲ့ မှ ဆောင်ရွက်လျက်ရှိသည်။ Pact Myanmar အဖွဲ့သည် ကျေးရွာတွင်းရှိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးသော အဖွဲ့ဖြစ်ပြီး KNW O အဖွဲ့သည် အမျိုးသမီးများ အကြမ်းမဖက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော အဖွဲ့ဖြစ်သည်။

ကျန်သောအခြားအဖွဲ့အစည်းများမှာ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကလေးသူငယ်အခွင့်အရေးကိုဖော်ထုတ်ခြင်း နှင့် လယ်ယာမြေ ကိစ္စရပ်တို့တွင် ကူညီပံ့ပိုးပေးကြပါသည်။ သုံးသပ်ဆွေးနွေးချက်အရ ဝမ်ချယ်ကျေးရွာနှင့် ဆက်စပ်သောအဖွဲ့ အစည်းများစွာရှိနေသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှ စတင်ပြီး လူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် ဝယ်ချယ်ကျေးရွာရှိ ကျေးရွာလူထုနှင့် ပူးပေါင်းကာ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါသည်။ ပထနှစ်စီမံကိန်းစက်ဝန်းတွင် အစိုးရမူလတန်း စာသင်ကျောင်းဆောင်တိုးချဲ့ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ






ဝမ်ချယ်ကျေးရွာတွင် ကျေးရွာလူထုများနှင့်အတူ ဆွေးနွေးချက်များအရ ကျေးရွာတွင်းလမ်း အချို့သည် မြေသားလမ်းသာဖြစ်သဖြင့် မိုးရာသီတွင် ဗွက်ထကာ သွားလာရခက်ခဲနေပါသည်။ ကျေးရွာချင်း ဆက်လမ်းများ မှာလည်း ကျောက်များထွက်ကုန်သောကြောင့် သွားလာရခက်ခဲပါသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးလွန်းသဖြင့် စားဝတ်နေရေး အခက်အခဲများလည်းကြုံရသည်။ ကျေးရွာလူငယ်များသည် အားကစားလိုက်စားသောလူငယ်များဖြစ်သည့်အပြင် စည်းလုံးညီညွတ်မှု လည်းရှိကြသည်။ သို့သော် ကျေးရွာ ဘောလုံးကွင်းမရှိသောကြောင့် အားကစားပြုလုပ်ရန်နေရာခက်ခဲနေပါသည်။ ကျေးရွာရှိ တွင်းရေကန်သည် သောက်သုံးရေ ပုံမှန်ရနေသော်လည်း နွေရာသည်တွင် ရေများလျော့နည်းခြင်း၊ စိုက်ပျိုးရာသီကာလ များတွင် အခြားဒေသမှ နေ့စားလုပ်သားအဖြစ်လာရောက်လုပ်ကိုင်သူများသောကြောင့် ထိုကာလများတွင် သောက်သုံးရေ လုံလောက်မှုမရှိပါ။ကျေးလက်ဆေးပေးခန်းတွင်လည်းဆေးဝါးများ လုံလောက်စွာမရှိ သောကြောင့် အရေးပေါ် အခြေအနေများတွင် ဘောလခဲဆေးရုံသို့သာ သွားရောက်ကုသရသည်။ ထို့ပြင် ကျေးရွာတွင် မူလတန်းထိ သာရှိသောကြောင့် အလယ်တန်းပညာရေးနှင့် အထက်တန်းပညာရေးအတွက် ဘောလခဲမြို့သို့ သွားရောက်သင် ယူရသောကြောင့် ကုန်ကျစရိတ်များခြင်းများ ကြုံတွေ့နေရသည်။ အဆင်မပြေသော အိမ်ထောင်စုများအနေဖြင့် မိမိတို့၏ကလေးများအား ကျောင်းဆက်မထားနိုင်ခြင်းများရှိသည်။ အမျိုးသမီးအများစုမှာ ကလေးထိန်းခြင်း အဝတ်လျှော်ခြင်းများနှင့်သာ အချိန်ကုန်နေသဖြင့် အိမ်ထောင်အတွက် အပိုဝင်ငွေ ရှာချင်သော်လည်း အဆင်မပြေပါ။စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီခြင်းမရှိသဖြင့်လည်း စိုက်ပျိုးသီးနှံများထွက်ရှိနှုန်း အလွန် နည်းနေသည်။ ယခုရှိသော အုပ်စုဘောလုံးကွင်းမှာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသဖြင့် အားကစား လုပ်ရာတွင်လည်း စနစ်တကျမရှိသောကြောင့် အခြားမြို့နယ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် အခွင့်အရေး နည်းပါးလှပါသည်။


(၉) မျှော်မှန်းချက်




နောင်လာမည့်(၅)နှစ်တာကာလအတွင်း ဝမ်ချယ်ကျေးရွာတွင် အလယ်တန်းကျောင်း ဖြစ်လာစေရန်နှင့် ကျေးရွာတွင်း လမ်းများကိုလည်း ကောင်းမွန်သောလမ်း များအဖြစ်မြင်ချင်ကြသည်။ သောက်သုံးရေလုံစွာ သုံးစွဲနိုင်ရန်၊ စိုက်ပျိုးရေးနည်းပညာများရရှိကာ သီးနှံများထွက်နှုန်းတိုးပြီး စီးပွားရေးအဆင်ပြေလာစေရန်၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်လာစေရန်၊ သီးနှံများဈေးကောင်း ရရှိစေရန်နှင့် ဝင်ငွေရရှိမည့် အလုပ်အကိုင်များပေါ်များလာစေရန်မျှော်မှန်းထားကြသည်။ ကျေးရွာလူထုတို့၏ မျှော်မှန်းချက်များအရ ကျေးရွာလူငယ်တို့သည် အားကစားစိတ်ဓါတ်အပြည့်အဝရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း စိတ်ပါဝင်စားကြပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း



ဝမ်ချယ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်သတ်မှတ်ရာတွင် ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းသာဖြစ်ပြီး မိုးတွင်းအခါ သွားလာရခက်ခဲသဖြင့် ကျေးရွာတွင်းလမ်းများကောင်းမွန်လာစေရန် ရည်ရွယ်၍ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ရေလုံလောက်စွာရရှိရန်အတွက် ရေတွင်းမှန်နံ့များ ဆယ်ယူခြင်းလုပ်ငန်း၊ ကျေးရွာချင်းဆက်လမ်းများ သွားလာရလွယ်ကူစေရန် ရွာချင်းဆက်လမ်းများ ပြုပြင်ခြင်းလုပ်ငန်း၊ ကျေးရွာလူငယ်များအားကစားပြုလုပ်ရာနေရာအဆင်ပြေပြီး အားကစားထူးချွန်မှု များရှိလာစေရန် ဘောလုံးကွင်းဆောက်လုပ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ ရရှိကာ အပိုဝင်ငွေရှာနိုင်ရန်အတွက် စက်ချုပ်သင်တန်း၊ မုန့်လုပ်သင်တန်း၊ စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများပို့ချပေးစေချင်ကြသည်။ ဝမ်ချယ်ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများသည် ကျေးရွာအတွက် အမှန်တစ်ကယ်လိုအပ်နေသော ဖွံ့ဖြိုးရေးလုပ်ငန်း များဖြစ်သည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ









## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးတင်ငွေး | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစာရင်းကိုင် |
| ၂ | ဒေါ်နင်းရည် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစီထောက်အဖွဲ့ဝင် |
| ၃ | ဦးနေထွန်း | ငွေစာရင်းကိုင် | |
| ၄ | ဦးမောင်ညွန့် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်ခင်စန်းရီ | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးအောင်နိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်မိုးမိုးငွေး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးထွန်းကျော် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |

| | | | |
|---|---|---|---|
| ၉ | ဒေါ်အေးနု | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးကျော်သိန်း | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | |
| ၁၁ | ဒေါ်လှကြည် | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | |
| ၁၂ | ဦးကျော်ငွေ | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ရီးမယ် | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
| ပြည်နယ်၊တိုင်းဒေသကြီး ကယားပြည်နယ် | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၇၅ | ဘာသာ (၁) ခရစ် | ၇၇ |
| လူမျိုးစု (၂) ဗမာ | ၂ | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | - | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၁ယောက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၀ယောက် | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၀၀ | ၁၉၁ |
| လူမျိုးစု (၁)-ကယား | ၁၉၈ | ၁၉၁ |
| လူမျိုးစု (၂)-ဗမာ--- | ၂ | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၂ | ၅ |

၃၉၁ ဦး

(စ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ၁ ☑ | ၄ ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ၇ ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ၃ ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ၁ ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ၂ ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ၃ ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

(ကျောက်ခင်းလမ်း) မြေသားလမ်း လူသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၀၅ / မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည် / မပြုခဲ့ပါ / မသိပါ

(ဂ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ / မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် -----------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

၂၀ မိနစ်) ၅ မိနစ်) ၃၀ မိနစ် အခြား -----------------

မိုးရာသီတွင်ကြာချိန် -----------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား -----------------

**(ဃ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ -----------------

**(င) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရှိပါသည် (ကျေးရွာဖွံ့ဖြိုးရေးကော်မတီ)

(၂) -----------------

**(စ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးတင်ချို့မြင့်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ကြကြနိုင်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေကေခိုင်

နေ့စွဲ ၉.၁၁.၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဝမ်ချယ် |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၁၁.၁၇ | ၉.၁၁.၁၇ | ၂၉ | ၁၀ | ၃၉ | ကယား ၃၇, ဗမာ ၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁၁.၁၇ | ၁၀.၁၁.၁၇ | ၃၂ | ၂၂ | ၆၄ | ကယား ၆၄ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၇.၁၁.၁၇ | ၁၇.၁၁.၁၇ | ၁၀ | ၆ | ၁၆ | ကယား ၁၁, ရှမ်း ၃, ဗမာ ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၂.၁၁.၁၇ | ၂၂.၁၁.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေကေနိုင် | | | |
| နေ့စွဲ ၁၀.၁၁.၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဝမ်ချယ် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သောက်သုံးရေ မလုံလောက်ခြင်း | ၁ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၂ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းကြောင့် စားဝတ်နေရေး မပြေလည်ခြင်း | ၂ | ဆေးဝါးများ ပြည့်စုံမှု မရှိခြင်း |
| ၃ | ရွာချင်းဆက်လမ်းများ ကျောက်ထွက်ကျ၍ သွားလာရ အဆင်မပြေခြင်း | ၃ | ကျေးရွာတွင်းလမ်းများ မိုးရာသီ၌ ဗွက်ထခြင်းကြောင့် သွားလာရ အဆင်မပြေခြင်း |
| ၄ | စိုက်ပျိုးရေးနည်းပညာမရှိခြင်းကြောင့် သီးနှံများ အထွက်နှုန်းနည်း၍ ဝင်ငွေနည်းခြင်း | ၄ | ရွာချင်းဆက်လမ်းများ ကျောက်ထွက်ကျ၍ သွားလာရ ခက်ခဲခြင်း |
| ၅ | စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းများ မျိုးစေ့များ လုံလောက်မှု မရှိခြင်း | ၅ | ကျေးရွာတွင် မူလတန်းသာရှိခြင်းကြောင့် အလယ်တန်းသို့ ဆက်တက်ရန် အခြားမြို့သို့ |
| ၆ | ကျေးရွာဘောလုံးကွင်း မရှိခြင်းကြောင့် | ၆ | သွားတက်ရခြင်းကြောင့် ငွေအကုန်ကျများခြင်း |
| ၇ | အားကစားလုပ်ရန် ခက်ခဲခြင်း | ၇ | သီးနှံထွက်နှုန်းနည်းခြင်းနှင့် ဈေးမရခြင်းကြောင့် စီးပွားရေး ခက်ခဲခြင်း |
| ၈ | | ၈ | |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |
| ၁၁ | | ၁၁ | |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေ လုံလောက်စွာရရှိရန် | ၁ | မူလတန်းကျောင်းမှ အလယ်တန်းကျောင်း ဖြစ်လာစေရန် |
| ၂ | လမ်းများ ကောင်းမွန်လာစေရန် | ၂ | ရွာချင်းဆက်လမ်းများ ပိုမိုကောင်းလာစေရန် |
| ၃ | ကျေးရွာဘောလုံးကွင်းရှိလာရန် | ၃ | သောက်သုံးရေ လုံလောက်စွာရရှိရန် |
| ၄ | စိုက်ပျိုးရေး ဗဟုသုတများ ကြွယ်ဝလာရန်ဖြစ်သည်။ | ၄ | ဘောလုံးကွင်းရှိလာစေရန် |
| ၅ | | ၅ | သီးနှံများ ဈေးကောင်းရရှိရန် |
| ၆ | | ၆ | ရွာတွင်းလမ်းကောင်းမွန်လာစေရန် |
| ၇ | | ၇ | ဝင်ငွေတိုးပွားကာ အလုပ်အကိုင်ပေါများလာစေရန် |
| ၈ | | ၈ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ကျား+မ | 10900000 | ၃၉၁ ဦး |
| ၂ | ရေထွက်ပေါက်မှ နုံများဆယ်ယူပြီး ရေသွင်းခြင်း | " | 7000000 | " |
| ၃ | KG ကျောင်းဆောင်ဆောက်ခြင်း | ကျား | 8000000 | " |
| ၄ | ရွာချင်းဆက်လမ်းပြုပြင်ခြင်း | မ | 20000000 | " |
| ၅ | ဘောလုံးကွင်းဖောက်လုပ်ခြင်း | ကျား + မ | 13000000 | " |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း၊ မုန့်လုပ်သင်တန်း | အမျိုးသမီး | အသက်မွေးဝမ်းကျောင်း |
| ၂ | အလုပ်အကိုင်များ ဖန်တီးပေးခြင်း | အမျိုးသား+ အမျိုးသမီး | 〃 |
| ၃ | စိုက်ပျိုးရေးနည်းပညာသင်တန်း | အမျိုးသား | 〃 |
| ၄ | မျိုးစေ့ချစက်များ ထောက်ပံ့ပေးခြင်း | 〃 | 〃 |
| ၅ | မူလတန်းမှ အလယ်တန်းပညာရေးသို့ တိုးမြှင့်ခြင်း | အမျိုးသမီး | ပညာရေး |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် --ဦးတင်ရွှေ------------ လက်မှတ် ---------------------------- နေ့စွဲ---20.22.27------


## ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ကေကေခိုင် | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | စုစုပေါင်း |
| မိုင်းထယ် | ရှာတွင်း ကျောက်ချောလယ် ခင်းခြင်း | ၈၀၀' | ၄၅၁ ဦး | □ ကျား □ မ ☑ ကျား+ မ | ၉၆၀၀၀၀၀ | | - - - | |
| ရေနီပေါက် | ရှာတွင်း ကျောက်ချောလယ် ခင်းခြင်း | ၁၁၀၀' | ၃၅၇ ဦး | □ ကျား □ မ ☑ ကျား+ မ | ၂၄၅၀၀၀၀ | | - - - | |
| | | | | □ ကျား □ မ □ ကျား+ မ | | | - - - | |
| | | | | □ ကျား □ မ □ ကျား+ မ | | | - - - | |
| | | | | □ ကျား □ မ □ ကျား+ မ | | | - - - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦး ထွားရယ် လက်မှတ် ရက်စွဲ ၉ - ၁ . ၁၈



အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြု စီမံကိန်း

| | | | |
|---|---|---|---|
| ခေါင်းစဉ် | ပထမအကြိမ် ကျေးရွာအစည်းအဝေး | | |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | ဝမ်ချယ် ၊ ဘောလခဲ အုပ်စု ၊ ဘောလခဲမြို့နယ် | | |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၉.၁၁.၁၇ ရက်နေ့၊ ည (၆:၃၀)မှ (၉:၄၅)ထိ။ ဝမ်ချယ် ကျေးရွာ ဘုန်းကြီးကျောင်း | | |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆော်င်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် | | |
| စုစုပေါင်းကုန်ကျငွေ | | | |
| ဦးဆောင်သူ | ဒေါ်ကေကေခိုင် (CF) | ရာထူး | CF/TF/Committee |

တက်ရောက်သူဦးရေ (Participants) ဒေါ်နုခိုင် (TF)

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၂၉ | ၁၀ | ၃၉ | ကယား-၃၈ ၊ ဗမာ-၁ |
| ၂ | | | | |
| | | | | |
| | | | | |

ရည်ရွယ်ချက် (Purpose)

၁။ လူထုဗဟိုပြုစီမံကိန်း၏ အခြေခံသဘောတရားများ နားလည်လာစေရန်။

၂။ စီမံကိန်းစက်ဝန်း၊ ကျား/မရေးရာ၊ လူထုပူးပေါင်းပါဝင်မှုတို့ကို ရင်းနှီးမှု ရရှိစေရန်

၃။ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူများ၏ တာဝန်ဝတ္တရားများ သိရှိစေရန်

၄။ လူထုပူးပေါင်းပါဝင်သော လုပ်ဆုံးဖြတ်ခြင်းများ ဆောင်ရွက်၍ ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များအား အထောက်အကူပြုစေရန်

အစည်းအဝေး အစီအစဉ် (Agenda)

၁။ တက်ရောက်သူစာရင်း ကောက်ယူခြင်း

၂။ အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် အစီအစဉ်များအား ရှင်းလင်း တင်ပြခြင်း

၃။ စီမံကိန်း မိတ်ဆက်ခြင်း

၄။ စီမံကိန်း စက်ဝန်းအား ရှင်းလင်း တင်ပြခြင်း

၅။ ကျေးရွာ စေတနာ့ ဝန်ထမ်းနှင့် ၈ ယောက် ကော်မတီဝင်များအား ပြန်လည် အတည်ပြု ရွေးချယ်ခြင်း

၆။ လူမှုဆန်းစစ်ခြင်း

၇။ အစည်းအဝေး ရုပ်သိမ်းခြင်း

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | ဒေါ်ကေကေခိုင် (CF) မှ အစည်းအဝေး ရည်ရွယ်ချက်နှင့် အစီအစဉ် အား ရှင်းလင်း တင်ပြပါသည်။ | |
| ၂။ | ကျေးရွာ အုပ်ချုပ်ရေးမှူး ဦး တင်မျိုးမြင့် မှ စီမံကိန်း ဒုတိယသုံးနှစ် ပြန်လည်စတင် တော့မည် ဖြစ်ကြောင်း ကျေးရွာလူထု အားလုံး ပူးပေါင်းပါဝင် ပေးကြရန် ပြောကြားပါသည်။ | |
| ၃။ | စီမံကိန်း ဝန်ထမ်း များမှ မိတ်ဆက်ပါသည်။<br>၁။ ဒေါ်မူခိုင် (TF)<br>၂။ ဒေါ်ကေကေခိုင် (CF) | |
| ၄။ | ဒေါ်ကေကေခိုင် (CF) မှ စီမံကိန်း နှင့် ပတ်သက် သည့် ရည်ရွယ် ချက်၊ စီမံကိန်း အကောင်အထည် ဖော်မှု၊ ကျား၊ မ ရေးရာ နှင့် ပတ်သက် သည့် အချက်၊ ဝေဖန် အကြံပြု တိုင်ကြား ချက် ဖြေရှင်း ရေး စနစ် အကြောင်း ရန်ပုံငွေ ချပေးမှု၊ လည်ပတ်ပြုပြင် | |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| | ထိန်းသိမ်းရေး အစီအစဉ်များ၊ အကာအကွယ်များနှင့် တာဝန်ရှိသူများ အကြောင်း အသေးစိတ် ဆွေးနွေးတင်ပြပါသည်။ | |
| ၅။ | ဒေါ်မူရှိုင် (TF) မှ စီမံကိန်းကတ်ဝင်ပါ အဆိုင်းကြီး (၆) ဆိုင်းနှင့် အခင်း (၁၄) ခင်း အား အသေးစိတ် ရှင်းလင်း တင်ပြပါသည်။ | |
| ၆။ | ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ ပြန်လည် ရွေးချယ် အတည်ပြုရန် တကွ အလိုက် ကော်မတီဝင်များ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများအား ဒေါ်ကေကေခိုင် ရှင်းလင်း တင်ပြပြီး ကျေးရွာလူထုများနှင့် ကော်မတီဝင်ဟောင်းများ ဆွေးနွေးကြပါသည်။ | ကျေးရွာလူထုများနှင့် ကော်မတီဝင်ဟောင်းများ၏ ဆွေးနွေးချက်အရ ပြန်လည်အတည်ပြုလိုက်သော ကော်မတီဝင်များမှာ -<br>ကျေးရွာစီထောက်ကူညီ - ဦးတင်ဝေ<br>- ဒေါ်နှင်းရီ<br>ဝယ်ယူရေးဆပ်ကော်မတီ - ဦးအောင်ညွန့်<br>- ဒေါ်ခင်စန်းရီ<br>ဝေဖန်အကြံပြုကိုယ်စားလှယ် - ဦးကျော်သိန်း<br>- ဒေါ်လှကြည် |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| | | လုပ်ငန်းထိန်းသိမ်းရေး - ဦးထွန်းကျော်<br>ဆယ်ကော်မတီ - မအေးပု<br><br>စောင့်ကြပ်ကြီးကြပ်ရေး - ဦးအောင်မြင့်<br>ဆယ်ကော်မတီ - မရီရီဌေး<br><br>ကျေးရွာစာရင်းကိုင် - ဦးနေထွန်း<br><br>ကျေးရွာအောက်ခြေဝန်ထမ်း - ဦးကျော်ဌေး<br>- ဒေါ်ရီမယ်<br><br>တို့အား ရွေးချယ်ဆုံးဖြတ်ကြပါသည်။ |
| ၇။ | လူထုပူးပေါင်းပါဝင်သော ကျေးရွာ အကဲဖြတ်ဆန်းစစ်ခြင်း (ပြုချက်အား ပထမနှစ်စက်ဝန်း၌ ဆွေးနွေးထားသည့် အချက်အလက်များအား ပြန်လည်တင်ပြကာ သုံးသပ်ချက်များအား ဆွေးနွေးဖြည့်စွက်ကြပါသည်။ ဆွေးနွေးသုံးသပ်ဖြည့်စွက်ကြသည့် PRA (၆) ချက်မှာ လူမှုရေးနှင့် အရင်းအမြစ်မြေပုံ၊ ရာသီဥတုပြ ပြက္ခဒိန်၊ ဥစ္စာဓနကြွယ်ဝမှုပေဟာ၊ | |

| | | |
|---|---|---|
| | ဝိုင်းဆိုင်မှုသုံးသပ်ခြင်း၊ ပစ္စကူးဆိုင်သုံးသပ်ခြင်း နှင့် ဖင်းပုံစံ တို့ဖြစ်ပါသည်။ | |
| ၈။ | အစည်းအဝေးအား ၃၀ (၉:၄၅) တွင် ရုပ်သိမ်းခြင်း ဒုတိယကြိမ် ကျေးရွာအစည်းအဝေး၌ အားလုံး ပြန်လည်တက်ရောက်ပေးကြရန် နှင့် ထိုနေ့ အစည်းအဝေး၌ လုပ်ငန်းများ ရွေးချယ်ရမည်ဖြစ်သောကြောင့် အရေးကြီးကြောင်း ပြောကြားပြီး ဒုတိယကြိမ် ကျေးရွာအစည်းအဝေး ပြုလုပ်မည့်ရက်၊ အချိန် နှင့်နေရာ အား ပြန်လည်ပြောကြားပြီး ပထမကြိမ် ကျေးရွာ အစည်းအဝေးအား ရုပ်သိမ်းပါသည်။ | |

| မှတ်တမ်းရေးသူ။ | စိစစ်သူ။ | အတည်ပြုသူ။ |
|---|---|---|
| လက်မှတ်။ [signature] | လက်မှတ်။ | လက်မှတ်။ |
| အမည်။ ဒေါ်ကေကေခိုင် | အမည်။ | အမည်။ |
| ရာထူး။ CF | ရာထူး။ | ရာထူး။ |

မှတ်ချက်။ ။ (PC -12) အစည်းအဝေးတက်ရောက်သူများစာရင်း ပူးတွဲတင်ပြရန်

## အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| ခေါင်းစဉ် | ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး | | |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | ပင်ချယ်ကျေးရွာ ၊ ဘောလခဲအုပ်စု ၊ ဘောလခဲမြို့နယ် | | |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၁၀.၁၁.၁၇ ၊ ၃၁ (၆:၃၀) မှ (၉:၃၀)ထိ ၊ လူငယ်ရိပ်သာ | | |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် | | |
| စုစုပေါင်းကုန်ကျငွေ | | | |
| ဦးဆောင်သူ | ဒေါ်ရူဖိုင် (TF) | ရာထူး | CF/TF/Committee |


*တက်ရောက်သူဦးရေ (Participants)* ဒေါ်ကေကေခိုင် (CF)

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၃၂ | ၂၂ | ၅၄ | ကယား |
| ၂ | | | | |
| | | | | |
| | | | | |

ရည်ရွယ်ချက် (Purpose)

၁။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အတွက် ပြင်ဆင်ခြင်း

၂။ ကျေးရွာ၏ အခက်အခဲ ၊ ပြဿနာ ၊ မျှော်မှန်းချက်များ ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ထွက်ပေါ်လာစေရန်



အစည်းအဝေး အစီအစဉ် (Agenda)

၁။ လူမှုဆန်းစစ်ခြင်းအား ပြန်လည်တင်ပြခြင်း

၂။ အခက်အခဲ၊ ပြဿနာ၊ အတားအဆီးများ၊ မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဖော်ထုတ်ခြင်း

၃။ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်း

၄။ အကျုံးဝင် / မဝင် သည့်လုပ်ငန်းခွဲများ၊ စံနှုန်း သတ်မှတ်ချက်များအား ရှင်းလင်းတင်ပြခြင်း

၅။ အကာအကွယ်များ အကြောင်း ရှင်းလင်းတင်ပြခြင်း

၆။ ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်များ ~~များ~~ အား ရှင်းလင်း တင်ပြခြင်း

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | ပထမ အကြိမ် ကျေးရွာ အစည်းအဝေး၌ ဆွေးနွေးခဲ့သည့် လူမှုဝန်းစစ်ခြင်း လုပ်ငန်းစဉ် (၆) ချက်အား ပြန်လည် ဆွေးနွေးတင်ပြကာ ဒုတိယ အကြိမ် ကျေးရွာ အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် အစီအစဉ်အား ဒေါ်ကေကေခိုင်မှ ဖတ်ကြားရှင်းလင်းပါသည်။ | |
| ၂။ | ဆက်လက်၍ အခက်အခဲများ၊ အတားအဆီးများ၊ ပြဿနာများ၊ မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အမျိုးသားနှင့် အမျိုးသမီး တစ်ဖွဲ့စီခွဲ၍ ဒေါ်မူခိုင်နှင့် ဒေါ် ကေကေခိုင်မှ တစ်ဖွဲ့စီ ဦးဆောင်ကာ ဆွေးနွေးဖော်ထုတ်ကြပါသည်။ ဆွေးနွေးချက်များအား ပြန်လည်တင်ပြကာ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးနှစ်အလိုက် ရွေးချယ်ရန် ဆွေးနွေးတိုင်ပင်ကြပါသည်။ | အမျိုးသားနှင့် အမျိုးသမီး တစ်ဖွဲ့စီခွဲ၍ ဆွေးနွေးရာမှ ထွက်ပေါ်လာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အနက် ကျန်ရှိသည့် စီမံကိန်းကာလ (၃)နှစ်က အတွက် ဒုတိယနှစ်စက်ဝန်း၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း၊ တတိယနှစ်စက်ဝန်း၌ ရေတွင်းမှ နုန်းမြေများ ဆယ်ယူ၍ ရေစက်ကန် ပြုပြင်ခြင်းလုပ်ငန်းနှင့် စတုတ္ထနှစ်စက်ဝန်း၌ KG ကျောင်းဆောင်၊ မူကြိုဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့အား အကောင်အထည် ဖော်ဆောင်ရွက်မည်ဟု ရွေးချယ် ဆုံးဖြတ်ကြပါသည်။ |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၃။ | ဒေါ်မူမိုင် (TF) မှ လူထုဗဟိုပြု စီမံကိန်း၌ အကျုံးဝင်၊ အကျုံးမဝင်သည့် လုပ်ငန်းခွဲ အမျိုးအစားများ၊ ရန်ပုံငွေ ခွဲဝေခြင်း အတွက် အကျုံးဝင်သည့် စံနှုန်းများ အကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် အကာအကွယ်များ အကြောင်းအား အပြန်အလှန် ဆွေးနွေးခြင်းဖြင့် ရှင်းလင်း တင်ပြပါသည်။ | |
| ၄။ | ဒေါ်ကေကေခိုင် (CF) မှ ကျေးရွာ အုပ်စု အတွင်းရှိ ကျေးရွာများအား လုံး ပ၃ အကြိမ်ကျေးရွာ အစည်း အဝေးများ ပြီးပါက ကျေးရွာအုပ်စု အစည်းအဝေး ပြုလုပ်မည်ဖြစ် ကြောင်း၊ ထို အုပ်စု အစည်းအဝေး သို့ ၆၊ တောက် ၂၀၁၅ ၊ ဝေယံ အကြံပြုကိုယ်စားလှယ်များ နှင့် ငွေစာရင်း ကိုင်များ မိမိ | |

ကျေးရွာကိုယ်စားပြုတက်ရောက်
ရမည်ဖြစ်ပြီး ကျေးရွာအုပ်စုဖွံ့ဖြိုး
တိုးတက်ရေးလုပ်ငန်းစဉ်များ
အပြီးသတ်ရေးဆွဲရမည်ဖြစ်
ကြောင်းနှင့် ရှေ့ဆက်လုပ်ရမည့်
လုပ်ငန်းစဉ်များအကြောင်းရှင်း
လင်းတင်ပြကာ အစည်းအဝေး
အား ည(၉:၃၀) ၌ ရုပ်သိမ်း
ပါသည်။

| မှတ်တမ်းရေးသူ။ | စိစစ်သူ။ | အတည်ပြုသူ။ |
| --- | --- | --- |
| လက်မှတ်။ (signature) | လက်မှတ်။ | လက်မှတ်။ |
| အမည်။ ဒေါ်ကေကေခိုင် | အမည်။ | အမည်။ |
| ရာထူး။ CF | ရာထူး။ | ရာထူး။ |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ဝက်ချယ်ကျေးရွာ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ကျား+မ | – | – | – |
| | ၂ | ရွာချင်းဆက်လမ်း မြ... | 〃 | – | – | – |
| | ၃ | မြင့်ခြင်း | | | | |
| | ၄ | KA ကျောင်းဆောင်ဆောက် | | | | |
| | ၅ | လုပ်ခြင်း | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကြောင်းနှင့် စိုက်ပျိုးရေး | ၁ | စက်ချုပ်၊ မုန့်လုပ်သင်တန်း | မ | – | – | – |
| | ၂ | အလုပ်အကိုင်များ ဖော်ဆောင်ပေး | ကျား+မ | – | – | – |
| | ၃ | ခြင်း | | | | |
| | ၄ | စိုက်ပျိုးရေးနည်းပညာ သင်တန်း | ကျား | – | – | – |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေး | ၁ | ရေထွက်ပေါက်များ | ကျား+မ | – | – | – |
| | ၂ | ဆယ်ယူခြင်း | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | မူလတန်း မှ အလယ်တန်း | မ | – | – | – |
| | ၂ | ကျောင်းအဆင့်တိုးမြှင့်ခြင်း | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | ဘောလုံးကွင်းဖောက် | ကျား+မ | – | – | – |
| | ၂ | လုပ်ခြင်း | | | | |
| | ၃ | မျိုးစေ့ချက်များ | ကျား | – | – | – |
| | ၄ | ထောက်ပံ့ပေးခြင်း | | | | |
| | ၅ | | | | | |
| | ၆ | | | | | |